# အမိနိုင်ငံသို့ ပြန်သွားသော နိုင်ငံခြားသားလုပ်သားများအတွက် လုပ်ငန်းခွင်ထိခိုက်မှု လျှောက်ထားခြင်း လမ်းညွှန်

## ○ လုပ်ငန်းခွင်ထိခိုက်မှုနစ်နာကြေးအာမခံဆိုသည်မှာ?

- လုပ်ငန်းခွင်ထိခိုက်မှု နစ်နာကြေးအာမခံဆိုသည်မှာ လုပ်သားက လုပ်ငန်းတာဝန် ထမ်းဆောင်ရင်း ထိခိုက်အနာတရဖြစ်ခြင်း ရောဂါဝေဒနာစွဲကပ်ခြင်းကြောင့် ၄ရက်နှင့် အထက် ဆေးကုသမှု ခံယူရန်လိုအပ်ချိန်တွင် ဆေးကုသပေးပြီး ဆေးကုသနေစဉ်အတွင်း ပျမ်းမျှလစာ၏ ၇၀ရာခိုင်နှုန်းကို ပေးအပ်ပြီး လုပ်သား သေဆုံးပါက ကျန်ရစ်သူမိသားစုအတွက် ထောက်ပံ့ကြေးကို ပေးခြင်း စသော ကိုရီးယားနိုင်ငံ၏ လူမှုဖူလုံရေး အာမခံစနစ်ဖြစ်သည်။
- နိုင်ငံခြားသား လုပ်သားသည်လည်း ဥပဒေနှင့် အညီ နေထိုင်ခြင်း ရှိမရှိနှင့် မသက်ဆိုင်ဘဲ ကိုရီးယားနိုင်ငံ ပြည်သူများနှင့် အခွင့်အရေးတူညီစွာ လုပ်ငန်းခွင်ထိခိုက်မှုကို လျှောက်ထားနိုင်ပြီး ထောက်ပံ့ကြေးငွေကို ရရှိနိုင်ပြီး
- အမိနိုင်ငံသို့ ပြန်သွားပြီးနောက် လုပ်ငန်းခွင် အလုပ်တာဝန်အရ ရရှိသော ရောဂါ ပေါ်ပေါက် လာပါက ကိုရီးယားလူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာန နိုင်ငံခြား EPS စင်တာမှ တဆင့် ခန့်အပ်ရေးလူမှုဖူလုံဌာနသို့ လုပ်ငန်းခွင်ထိခိုက်မှုလျှောက်တင်နိုင်ပြီး နစ်နာကြေးကို လက်ခံရရှိနိုင်သည်။

## ○ အမိနိုင်ငံသို့ ပြန်သွားသော နိုင်ငံခြားသား လုပ်သားအတွက် လုပ်ငန်းခွင်ထိခိုက်မှု လျှောက်ထားရန် အဆင့်ဆင့်

- နိုင်ငံခြားသား လုပ်သားသည် ကိုရီးယားလူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန EPS စင်တာတွင် လုပ်ငန်းခွင်ထိခိုက်မှုအာမခံနှင့် ပတ်သတ်၍ တိုင်ပင်ဆွေးနွေးပြီးနောက် စင်တာတွင် ရှိသော ဆေးကုသမှုစရိတ်လျှောက်လွှာကို ဖြည့်ပြီး လျှောက်တင်နိုင်သည်။(EPS စင်တာနှင့် ခန့်အပ်ရေးလူမှုဖူလုံဌာန)
- ခန့်အပ်ရေးလူမှုဖူလုံဌာနသည် ထိခိုက်အနာတရရမှု အခြေအနေနှင့် လုပ်ငန်းတာဝန် အကြောင်းအရာ စသည် ထိခိုက်မှုကို စုံစမ်းစီစစ်ခြင်းများ ပြုလုပ်ပြီး လုပ်ငန်းတာဝန်ကြောင့် ထိခိုက်အနာတရ ရခြင်း ဟုတ်မဟုတ်ကို ဆုံးဖြတ်မည်။

## ○ ဆေးကုသမှုစရိတ်လျှောက်လွှာ ဖြည့်ခြင်း လမ်းညွှန်

- ①အလုပ်စတင်ဝင်ရောက်သောနေ့ . အလုပ်ချိန် . တပတ်လျှင် အလုပ်လုပ်ရသော နေ့ရက်ပေါင်း . အလုပ်လုပ်ကိုင်ခဲ့သော ကာလ ②နားချိန် . ထမင်းစားချိန် ③ယခင်လုပ်ငန်းအတွေ့အကြုံ (ကုမ္ပဏီအမည် . အလုပ်တာဝန် . အလုပ်လုပ်ကိုင်ခဲ့သော ကာလ), ④အရပ် . ခန္ဓာကိုယ် အလေးချိန်, ⑤ယခင်ရောဂါ ဝေဒနာ . ထိခိုက်မတော်တဆ ဖြစ်ပွားမှု ရှိမရှိ အခြေအနေ ⑥ပုံမှန် အားကစားလုပ်ခြင်းနှင့် ဝါသနာအရ နေထိုင်မှုပုံစံ, ⑦ဆေးလိပ်၊ အရက် သောက်သုံးခြင်း ရှိမရှိ, ⑧လုပ်ငန်းတာဝန် အကြောင်းအရာ(အချိန်အလိုက် ဖော်ပြရန်), ⑨မတော်တဆထိခိုက်မှု ဖြစ်ပွားခြင်း အကြောင်းအရင်း သို့ ရောဂါလက္ခဏာ ပေါ်ပေါက်လာခြင်း အကြောင်းအရင်း, ⑩မျက်မြင်သက်သေ ကိုယ်ရေးအကျဉ်း, ⑪ရောဂါလက္ခဏာ ပေါ်ပေါက်လာပြီးနောက် ကုသမှုခံယူသော ကျန်းမာရေးဌာန, ⑫ကာယကံရှင်နှင့် ဆင်တူသော ရောဂါဖြစ်ပွားသော လုပ်ဖော်ကိုင်ဖက် လုပ်သား ရှိမရှိ, ⑬ လုပ်ငန်းရှင်မှတဆင့် ကုသမှုစရိတ် သို့ အလုပ်မလုပ်သော ကာလအတွင်း လစာ ရရှိထားမှု ရှိ မရှိ အစရှိသော အချက်အလက်များကို အသေးစိတ် ဖြည့်စွက်ရေးသားပြီး တင်ပြလျှောက်တင်ရမည်။ (စာရွက် သပ်သပ်ဖြင့် သီးသန့် တင်ပြနိုင်သည်။

## ○ ဆေးကုသမှုစရိတ်လျှောက်လွှာ ဖြည့်ခြင်း

ဆေးကုသမှုစရိတ်လျှောက်လွှာ ဖြည့်စွက်လျှောက်တင်ခြင်း (လုပ်သား'n EPSစင်တာ) → ထိခိုက်အနာတရဖြစ်မှု စစ်ဆေးစုံစမ်းခြင်း[1] → လုပ်ငန်းခွင်ထိခိုက်မှု ဟုတ်မဟုတ် ဆုံးဖြတ်ခြင်း[2] → ဆေးကုသမှုစရိတ်လျှောက်လွှာ စီစစ် ရလဒ်အား အသိပေးခြင်း (လုပ်သား'n EPSစင်တာ)

## အာမခံ ထောက်ပံ့ကြေး အမျိုးအစား

| | |
|---|---|
| **ဆေးကုသမှု စရိတ်** | လုပ်ငန်းတာဝန်အရ ထိခိုက်အနာတရ ဖြစ်မှုကြောင့် ၄ရက်နှင့် အထက် ကုသမှုခံယူရန် လိုအပ်သောအခါ ကိုရီးယားနိုင်ငံ လုပ်ငန်းခွင်ထိခိုက်မှု ကုသရေးဌာနတွင် ကုသပေးခြင်း။ |
| **နားရက်ခံစားခွင့်** | အလုပ်တာဝန်အရ ဒါဏ်ရာ သို့ ရောဂါကို ကုသရန်အတွက် အလုပ်မလုပ်နိုင်သော ကာလလျှင် ၁လစာ ပျမ်းမျှလစာ၏ ၇၀ရာခိုင်နှုန်း ပေးခြင်း။ |
| **ထိခိုက်နစ်နာမှုလျော်ကြေး** | ဆေးကုသမှု စတင်ချိန်မှ စ၍ ၂နှစ်တိုင်အောင် ဒါဏ်ရာ သို့ ရောဂါသည် ကုသပြောက်ကင်းခြင်း မရှိဘဲ ထိုအခြေအနေသည် ဥပဒေ ဖော်ပြပါအတိုင်း ကုသမရသော ရောဂါလက္ခဏာနှင့် ကိုက်ညီပါက နားရက်ခံစားခွင့်လစာ အစား ပေးအပ်သော ထောက်ပံ့စရိတ် ပေးခြင်း။ |
| **မသန်စွမ်းမှု ထောက်ပံ့စရိတ်** | ဒါဏ်ရာ သို့ ရောဂါ ကုသပြီးနောက် ချို့တဲ့ မသန်စွမ်းမှု ကျန်ရှိပါက အဆင့် ၁၄အနေဖြင့် ခွဲခြားနိုင်သော မသန်စွမ်းဖြစ်ခြင်း အဆင့်များထဲမှ မိမိနှင့် ကိုက်ညီသော မသန်စွမ်းမှု ထောက်ပံ့စရိတ် ပေးခြင်း။ |
| **ကျန်ရစ်သူမိသားစု ထောက်ပံ့ကြေး နှင့် နာရေးစရိတ်** | သေဆုံးသွားသော လုပ်သားနှင့် အတူတကွ ပူပန်ခံစားရသော ကျန်ရစ်သူ မိသားစုကို နစ်စဉ်ထောက်ပံ့ကြေး (ယာယီ ထောက်ပံ့ကြေး)ကို ပေးခြင်းနှင့် နာရေးအတွက် နာရေးစရိတ် ကူညီပေးခြင်း။ |

## ○ မြန်မာ EPS စင်တာ

**- လိပ်စာ : No.48, Ward 10, Kabar Aye Pagoda Road, Mayangone Township, Yangon, Myanmar**

**- ဆက်သွယ်ရန် ဖုန်းနံပါတ် : 1-657-822**

---

[1] ထိခိုက်အနာတရရမှု သုတေသန စီစစ်မှု အဆင့်ဆင့်တွင် လုပ်ငန်းရှင်နှင့် လုပ်သားသို့ အလုပ်တာဝန် အကြောင်းအရာကို စစ်ဆေးခြင်း သို့ စာရွက်စာတမ်း အပြီးသတ်ဖြည့်စွက်ရန် လျှောက်နိုင်ပြီး ထိုအခြေအနေတွင် စီစဉ်လုပ်ဆောင်မှုများမှာ အများအားဖြင့် နောက်ကျနိုင်ပါသည်။

2 လုပ်ငန်းတာဝန်အရ ရရှိသော ရောဂါကြောင့် ဆေးကုသမှုစရိတ် လျှောက်ထားပါက လုပ်ငန်းတာဝန်အရရရှိသောရောဂါ ဆုံးဖြတ်မှု ကော်မတီမှ တဆင့် လုပ်ငန်းတာဝန်ကြောင့် ရရှိသော ရောဂါ ဟုတ်မဟုတ်ကို ဆုံးဖြတ်ပေးမည်။